နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

အမြတ်ခွန် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၈၉)

၁၃၅၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁ ရက်
၁၉၈၉ ခုနှစ်၊ မတ်လ ၂၂ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်–

၁။ ဤဥပဒေကို အမြတ်အခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၁၉၈၉–၉၀ စည်းကြပ်နှစ်အတွက်မှ စတင်၍ အကျိုးသက်ရောက်စေရမည်။

၃။ ၁၉၇၆ ခုနှစ်၊ အမြတ်ခွန်ဥပဒေ၏ နိဒါန်းကို ပယ်ဖျက်ရမည်။

၄။ အမြတ်ခွန်ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (က) တွင် အောက်ပါတို့ကို ပုဒ်မခွဲငယ် (၇) ၊ (၈) နှင့် (၉) များအဖြစ် ဖြည့်စွက်ရမည်–

(၇) ကုမ္ပဏီ၊

(၈) ပြည်တွင်းနေနိုင်ငံခြားသား၊

(၉) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၅)၊ (၇) သို့မဟုတ် (၈) တို့နှင့် အစုစပ်သို့မဟုတ် ဖက်စပ်လုပ်ကိုင်သည့် လုပ်ငန်း။

၅။ အမြတ်ခွန်ဥပဒေပုဒ်မ (၅) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (ဂ) ကိုအောက်ပါပုဒ်မခွဲငယ်ဖြင့် အစားထိုးရမည်–

(ဂ) အစုစပ်လုပ်ငန်း၊ ဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်း၊ ကုမ္ပဏီ၊ အသင်း၊ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုမှ အမြတ်ဝေစု။

၆။ အမြတ်ခွန်ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ (ဃ) ကိုအောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်–

(ဃ) အစိုးရအဖွဲ့သည် အယူခံများကို လက်ခံဆောင်ရွက်ရန် ပုဂ္ဂိုလ် ၃ ဦးစီ ပါဝင်သော ဗဟိုအယူခံ အဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းတာဝန်ပေးအပ်ရမည်။